Chin National Front
General Headquarters
Chinland

www.chinland.org

# ALP, CNF, KNPP, KNU, SSA, တို့၏ ပူးတွဲကြေညာချက်

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဇွန်လ (၁၅)ရက်

ဗမာလူမျိုးကြီးဝါဒီ စစ်အာဏာရှင်အုပ်စု အဆက်ဆက်၏ကျွန်ပြုအုပ်ချုပ်မှုကို လက်နက်ချအညံ့ခံခြင်းနှင့် နအဖ အုပ်ချုပ်မှုအောက်ဝင်ရောက်ခြင်း လုံးဝမပြုလုပ်သော လူမျိုးစု လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ရှမ်းပြည်တပ်မတော် (SSA) အဖွဲ့တို့သည် ၁၉၉၉ ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့က လွတ်မြောက်နယ်မြေဒေသတနေရာတွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ပြီးနောက် အောက်ဖော်ပြပါ အတိုင်း ပူးတွဲထုတ်ပြန်ကြေညာလိုက်ပါသည်။

မဟာဗမာလူမျိုးကြီးဝါဒီ စစ်အာဏာရှင်အုပ်စုသည် တိုင်းရင်းသားလူမျိုးစုများ၏ယဉ်ကျေးမှုသမိုင်းအမွေအနှစ်များနှင့် အမျိုးသားအင်္ဂါရပ်များကို အစီအစဉ်ရှိရှိ ဖျက်ဆီးနေသည့်အပြင် လူမျိုးစုများ၏ အခြေခံဒေသများ၊ ရပ်ရွာ များကို အတင်းအဓမ္မပြောင်းရွှေ့စေခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများကို စဉ်ဆက်မပြတ်ပြုလုပ်နေပါသည်။ ထို့အပြင် လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများကို စစ်ဆင်ရင်းအပြစ်မဲ့ တိုင်းရင်းသားပြည်သူများတို့အား ဖမ်းဆီးခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို ရက်စက်စွာနေ့စဉ်နှင့်အမျှ ပြုလုပ်နေပါသည်။ ဤလုပ်ရပ်များသည် လူမျိုးစုများအပေါ် လက်နက်အင်အားဖြင့် မျိုးဖြုတ်သန့်စင်ရေးပြုလုပ်နေခြင်းဖြစ်သည်။ သို့ဖြစ်၍ မိမိတို့တိုင်းရင်းသား လူမျိုးစုများအနေဖြင့် လူမျိုးစုများ၏မွေးရာပါ အမျိုးသားအခွင့်အရေးနှင့် အသက်ရှင်ရပ်တည်ခွင့်ကို ဖျက်ဆီးနေသော နအဖအား နိုင်ငံတကာမှ ဖိအားပေးကန့်ကွက်ကြရန် အလေးအနက်တောင်းဆိုလိုက်ပါသည်။

နအဖ စစ်အုပ်စုသည် ၎င်းတို့၏စီးပွားရေး ချွတ်ခြုံကျမှု အကြပ်အတည်းကို ဖာထေးရန်နှင့် ၎င်းတို့၏ကိုယ် ကျိုးစီးပွားအတွက် လူမျိုးစုများ၏အခြေခံဒေသများတွင် မူးယစ်ဆေးဝါးစိုက်မျိုးထုတ်လုပ်ရောင်းဝယ်မှုများကို အကြီး အကျယ်ပြုလုပ်နေပါသည်။ သို့ဖြစ်၍ နအဖ စစ်အုပ်စု၏ဤဖောက်ပြန်သော လုပ်ရပ်ကို ကျွန်ုပ်တို့က လုံးဝဆန့်ကျင် ရှုတ်လိုက်သည်။ တဆက်တည်းတွင် စစ်အာဏာရှင်အုပ်စု၏ စီးပွားဖြစ်လုပ်ငန်းဖြစ်သော မူးယစ်ဆေးဝါး လုပ်ငန်းများ အားလုံးကို မိမိတို့လူမျိုးစု တိုင်းရင်းသားများက ထိထိရောက်ရောက် တိုက်ဖျက်ရန်နှင့် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားရန် ကြိုးပမ်းသွားမည်။

ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများသည် ခေတ်အဆက်ဆက်အာဏာရ မဟာဗမာနိုင်ငံရေးအုပ်စုတို့၏ နိုင်ငံရေးလိမ်ညာလှည့်စားမှုများကို ခံစားကြရသည်။ တိုင်းရင်းသားလူမျိုးစုတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူ့အခွင့် အရေးများဆုံးရှုံးလျက် ရှိနေဆဲဖြစ်သည်။ သို့ဖြစ်ပါ၍ ဤခါးသီးသော အတွေ့အကြုံများအပေါ်အခြေခံပြီး ကျွန်ုပ်တို့၏ နောင်အနာဂတ်အရေးကို အာမခံချက်ပေးနိုင်ရန်အတွက် နိုင်ငံရေးအရ တရားမျှတစွာ ဆွေးနွေးဖြေရှင်းမှုကို အခြေခံ ကာ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်သည်။

ကျွန်ုပ်တို့ လက်နက်ကိုင် အမျိုးသားတော်လှန်ရေးအဖွဲ့အစည်း (၅) ဖွဲ့အနေဖြင့် တိုင်းရင်းသားလူမျိုးပေါင်း စုံအတွင်း စည်းလုံးညီညွတ်စွာဖြင့် မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ကို လက်တွဲမဖြုတ် တိုက်ပွဲဝင်သွားကြ မည်ဟု အလေးအနက် သံဓိဌာန်ပြုကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

Chin National Front – General Headquarters, Chinland